၃ – ဖြောင့်မတ်စွာ ပြုမူခြင်းနှင့် တရားစီရင်ခြင်းသည် ဘုရားသခင်ထံတော်တွင် ယဇ်ပူဇော်ခြင်းထက် ပို၍လက်ခံစရာဖြစ်သည်။
၄ – မောက်မာသောအကြည့်၊ မာနကြီးသောနှလုံးသား၊ ဆိုးညစ်ခြင်းကို ထွန်ယက်စိုက်ပျိုးခြင်းတို့သည် အပြစ်ဖြစ်သည်။
၅ – ဝီရိယရှိစွာ ကြိုးစားသူ၏အတွေးတို့သည် ပေါများခြင်းသို့ ဦးတည်ပါသည်၊ သို့သော် အလောတကြီးပြုသူတိုင်းမှာမူ ဆင်းရဲမည်ဖြစ်သည်။
၆ – ဘဏ္ဍာပစ္စည်းများကို လိမ်ညာသောလျှာဖြင့် ရယူခြင်းသည်၊ သေခြင်းကိုရှာဖွေသူတို့၏ ဟိုဖက်ဒီဖက် လူးလွန့်နေသော အနတ္တမှုသာဖြစ်သည်။
၇ – ဆိုးညစ်သူတို့၏ ခါးပြတိုက်ခြင်းက သူတို့ကို ဖျက်ဆီးလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ကောင်းစွာတရားစီရင်ခြင်းကို ငြင်းပယ်၍ဖြစ်သည်။
၈ – လူ၏လမ်းသည် ကွေ့ကောက်သည်၊ ဆန်းပြားပါသည်၊ သို့သော် စင်ကြယ်သူအတွက်မူ၊ သူ၏အလုပ်သည် မှန်ကန်ပါသည်။
၉ – ကျယ်ဝန်းသောအိမ်တွင် ဆူညံနေအောင် ရန်တွေ့နေသော အမျိုးသမီးနှင့်နေသည်ထက်၊ အိမ်ခေါင်မိုး ထောင့်တနေရာတွင် နေထိုင်ခြင်းက ပိုကောင်းပါသည်။
၁၀ – ဆိုးညစ်သူ၏ဝိညာဉ်က ဆိုးညစ်ခြင်းကိုသာ အလိုရှိပါသည်၊ သူ၏အိမ်နီးချင်းသည် သူ့ထံမှ မျက်နှာသာပေးခြင်းကို မရပါ။
၁၁ – အထင်အမြင်သေးသူကို ပြစ်ဒဏ်ပေးပါ၊ ရိုးအသူသည် ပညာရှိလာမည်၊ ပညာရှိသူ သွန်သင်ခြင်းခံရသောအခါ။ သူသည် အသိပညာကို လက်ခံရရှိပါသည်။
၁၂ – ဖြောင့်မတ်သူသည် ဆိုးညစ်သူ၏အိမ်ကို ပညာရှိစွာ ဆင်ခြင်ပါသည်၊ သို့သော် ဘုရားသခင်က ဆိုးယုတ်သူတို့ကို သူတို့၏ဆိုးယုတ်ခြင်းများအတွက် မှောက်လှန်ပစ်ပါမည်။
၁၃ – ဆင်းရဲသူ၏ အော်ဟစ်ခြင်းသို့ မိမိနားတို့ကို ပိတ်သောသူတိုင်း၊ မိမိကိုယ်တိုင် အော်ဟစ်ရလိမ့်မည်၊ သို့သော် ကြားခြင်းကို ခံရမည်မဟုတ်။
၁၄ – တိတ်တဆိတ်ပေးသောလက်ဆောင်က ဒေါသကို ပြေသွားစေပါသည်၊ ထို့အတူ ရင်ခွင်ထဲရှိဆုလာဘ်က ပြင်းထန်သောဒေါသကို ပြေစေပါသည်။
၁၅ – ဖြောင့်မတ်သူအတွက် တရားစီရင်မှုကိုပြုခြင်းသည် ဝမ်းသာစရာဖြစ်သည်၊ သို့သော် အပြစ်ဒုစရိုက်ပြုသူတို့သည် ဖျက်ဆီးခြင်းကို ခံကြရပါမည်။
၁၆ – နားလည်ခြင်းလမ်းမှ လွဲ၍ ခြေဦးတည့်ရာသွားသူသည် လူသေတို့၏အစုအဖွဲ့တွင် ကျန်နေရလိမ့်မည်။
၁၇ – အပျော်အပါးကိုချစ်သူသည် ဆင်းရဲသူဖြစ်ရလိမ့်မည်၊ ဝိုင်နှင့်ဆီကိုချစ်သောသူသည်လည်း ချမ်းသာမည်မဟုတ်။
၁၈ – ဆိုးညစ်သူသည် ဖြောင့်မတ်သူအတွက် ပြန်ရွေးရငွေဖြစ်လိမ့်မည်၊ ထို့အတူ အပြစ်လွန်ကျူးသူလည်း ဖြောင့်မှန်သူအတွက်ဖြစ်မည်။
၁၉ – ရန်ဖြစ်ချင်လွန်းသူ၊ ဒေါသထွက်နေသော အမျိုးသမီးနှင့် နေရသည်ထက်၊ သဲကန္တာရထဲတွင် နေရခြင်းက ပိုကောင်းပါသည်။
၂၀ – ပညာရှိနေသောနေရာတွင် လိုချင်စဖွယ် စည်းစိမ်ဘဏ္ဍာနှင့်ဆီ ရှိနေပါသည်၊ သို့သော် မိုက်မဲသူက ၄င်းတို့ကို ဖြုန်းပစ်ပါသည်။
၂၁ – ဖြောင့်မတ်ခြင်းနှင့်ဂရုဏာနောက်သို့ လိုက်သူသည် အသက်၊ ဖြောင့်မတ်ခြင်းနှင့် ဂုဏ်ကျက်သရေကို ရှာတွေ့လိမ့်မည်။
၂၂ – ပညာရှိသူက ခွန်အားကြီးသူ၏မြို့တော်ကို ချိန်ခွင်နှင့်ချိန်ပါသည်၊ ထို့နောက် ထိုနေရာမှ စိတ်ချလက်ချနေသူတို့၏ခွန်အားကို ကျဆုံးစေပါသည်။
၂၃ – မိမိနှုတ်နှင့်လျှာကို စောင့်ထိန်းသူတိုင်း၊ မိမိဝိညာဉ်ကို ပြဿနာများမှ စောင့်ထိန်းသူဖြစ်ပါသည်။
၂၄ – မာနကြီးသောအမျက်ဒေါသနှင့် ဆက်ဆံသူအဖို့၊ မာနကြီးသော၊ မောက်မာသောအထင်သေးသူသည် သူ၏အမည်ဖြစ်သည်။
၂၅ – ပျင်းရိသူ၏စိတ်ဆန္ဒက သူ့ကိုသတ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ၏လက်တို့က အလုပ်လုပ်ခြင်းကို ငြင်းဆို၍ဖြစ် သည်။
၂၆ – သူသည် တနေကုန် လောဘကြီးစွာ လိုချင်နေပါသည်၊ သို့သော် ဖြောင့်မတ်သူက ပေးကမ်းသည်၊ မနှမြောပါ။
၂၇ – ဆိုးယုတ်သူ၏ယဇ်ပူဇော်ခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်၊ ဆိုးညစ်သောစိတ်နှင့် ၄င်းကို ယူဆောင်လာသည်ဆိုလျှင် မည်မျှပို၍ဆိုးပါမည်နည်း?
၂၈ – မမှန်သောသက်သေသည် ပျက်ဆီးရလိမ့်မည်၊ သို့သော် ကြားခဲ့သောသူကမူ ခိုင်မာစွာပြောပါသည်။
၂၉ – ဆိုးယုတ်သူသည် မိမိမျက်နှာကို တင်းမာစေသည်၊ သို့သော် ဖြောင့်မှန်သူအတွက်မူ၊ သူ၏လမ်းကို လမ်းညွှန်ပါသည်။
၃၀ – ဘုရားသခင်ကို ဆန့်ကျင်သော အကြံအစည်၊ နားလည်ခြင်း၊ ဉာဏ်ပညာဟူသည် မရှိ။
၃၁ – မြင်းကို စစ်ပွဲနေ့အတွက် ပြင်ဆင်ပါသည်၊ သို့သော် လုံခြုံခြင်းသည် ဘုရားသခင်ပိုင်သောအရာဖြစ်သည်။

××××××××××××××××××××××

၁သက် ၁း၁–၁၀ (ကျမ်းဘုရင်မှု)
၁ – ပေါလ်၊ စီလ်ဗားနပ်စ်၊ တိမောသေယပ်စ် တို့က ခမည်းတော်ဘုရားသခင်နှင့်သင်ယေရှုခရစ်ထံ၌ရှိကြသည့်
သက်စာလောနီး ယန်းအသင်းတော်သို့ ရေးလိုက်ပါသည်၊ ငါတို့ဖခင် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ
ကျေးဇူးတော်နှင့်ငြိမ်းချမ်းခြင်းသည် သင်တို့၌ရှိနေပါစေ။

